# လောကသဘာဝ သဘောတရားများ။
## Moralism Philosophy

၁။ လောကတွင် မသိအပ်သော တရားဟူ၍မရှိ၊ မသိသေးသော တရားသာ ရှိလေသေးသည်။

၂။ လောက၌ ယောကျ်ားကောင်းတို့ လုပ်ဆောင်သဖြင့် မပြီးစကောင်းသော ကိစ္စဟူ၍ မရှိစကောင်း၊ အလုံးစုံအောင်မြင်ပြီးစီးသည်ချည်းသာ ဖြစ်လေတော့သည်။

၃။ လုပ်ငန်းဆောင်တာ ကိစ္စပြုဘွယ်တို့၌ အခါကာလဒေသအားလျော်စွာ (ဝါ) ခေတ်အားလျော်စွာ လျှန်ခါးထစ် မဟုတ်ဘဲ ပြုပြင် လုပ်ဆောင် ရလေသည်။

၄။ လောကတံထွာ ပတ်လည်ဝန်းကျင် အားလျော်စွာ လုပ်ဆောင်ရသည်လည်းရှိသည်၊ ပတ်လည်ဝန်းကျင်နှင့် ဖီလာဆန့်ကျင်လျက် ပြုလုပ်ရသည်လည်း ရှိလေသည်။

၅။ လောကီအကျိုးစီးပွား ကောင်းစားပြည့်စုံအောင် ဆောင်ရွက်ပြုလုပ်ခြင်းသည် ပစ္စုပ္ပန် တမလွန်ဘဝများ၌ ကောင်းကျိုးချမ်းသာကို ဖြစ်စေလေသည်။

၆။ လောကီအလုပ်ကို အားထုတ် လုပ်ဆောင်ခြင်းသည် လောကုတ္တရာ (နိဗ္ဗာန်)တရားကို မရောက်ရ ဆုတ်ယုတ်ခြင်းဖြစ်ရသည်မှာ မဟုတ်သဘောတည်း၊ ထို့အတူ လောကုတ္တရာ (နိဗ္ဗာန်)တရားကို လုပ်ဆောင်ခြင်းသည်လည်း လောကီအကျိုးစီးပွား ဆုတ်ယုတ်ရသည်မှာ မဟုတ်သဘောသာတည်း။